# ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အမှတ် (၉)၊ ဇူလိုင်လ (၂) ရက်၊ ၂၀၁၆

## အောင်လံမြို့ရှိ UKT အရက်ချက်စက်ရုံ ပိတ်သိမ်းရန် မကွေးတိုင်းဒေသကြီးအစိုးရ ဆုံးဖြတ်



(ဓာတ်ပုံ - မကွေးတိုင်းဒေသကြီးလွှတ်တော် facebook page)

ဇွန် ၂၉၊ ၂၀၁၆

အောင်လံမြို့ရှိ UKT အရက်ချက်စက်ရုံ လည်ပတ်ခြင်းအား ပိတ်သိမ်းရန် ဇွန် ၂၂ ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရမှ ဆုံးဖြတ်လိုက်ကြောင်း သိရသည်။ အဆိုပါစက်ရုံ ပိတ်သိမ်းရန် မှတ်ချက်ကို ဇွန် ၁၄ ရက်နေ့တွင် မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ်မှ ပေးခဲ့ခြင်းဖြစ်ပြီး လုပ်ထုံးလုပ်နည်းအရ ကက်ဘိနက်အစည်းအဝေး ပြုလုပ်ခဲ့ကာ ပိတ်သိမ်းရန် ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်ဟု အလုပ်သမား၊ အလုပ်အကိုင် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဦးမြင့်ဇော်က ပြောကြားခဲ့သည်။

မကွေးတိုင်းဒေသကြီးလွှတ်တော်၏ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီ မှ UKT အရက်ချက်စက်ရုံနှင့် ပတ်ဝန်းကျင်ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး အောင်လံမြို့ရှိ UKT အရက်ချက်စက်ရုံ လည်ပတ်ခြင်းအား ပိတ်သိမ်းရန် အောင်လံမြို့နယ် မဲဆန္ဒနယ် (၂) မှ ကိုယ်စားလှယ်ဖြစ်သူ ဦးအေးကျော်မှ အဆိုတင်သွင်းခဲ့သည်။

ဧပြီလ ၃၀ ရက်နေ့တွင် အလုပ်သမား အလုပ်အကိုင်နှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီး ဦးမြင့်ဇော် မှ အောင်လံမြို့သို့ သွားရောက်ရာတွင်လည်း စက်ရုံမှ အနံ့အသက်များ၊ ရေဆိုးရေညစ်များ အကြောင်း လေ့လာတွေ့ရှိခဲ့ရာ မေလ ၁၀ရက်နေ့ ကက်ဘိနက် အစည်းအဝေးတွင် တင်ပြခဲ့သည်။ ထို့နောက် အစည်းအဝေးတွင် စစ်ဆေးရေးအဖွဲ့ အဖွဲ့စည်းပြီး မေလ ၂၇ရက်နေ့တွင် စစ်ဆေးတွေ့ရှိချက်များကို တင်ပြခဲ့သည်။ ထိုနေ့မတိုင်ခင် UKT စက်ရုံပိုင်ရှင် ဦးကံထွန်းကိုယ်တိုင် လာရောက် အသနားခံစာတင်ခဲ့သော်လည်း ထို အသနားခံစာ နှင့် စစ်ဆေးရေးအဖွဲ့မှ စစ်ဆေး တွေ့ရှိချက်များတွင် အနည်းငယ် ကွဲလွဲမှုများရှိနေခဲ့သည့်အတွက် မကွေးတိုင်း ဝန်ကြီးချုပ်မှ အဆိုပါစက်ရုံကို ပိတ်သိမ်းရန် ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

*Tomorrow ဂျာနယ်၊ Zarni Tike နှင့် U Aye Hlaing Oo (facebook Page)*

## ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့ ပြည်ပသို့ လွှတ်တော်အကြောင်း သွားရောက်လေ့လာ



ဓာတ်ပုံ - Chin World

ဇွန် ၂၉၊ ၂၀၁၆

ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့သည် ဟောင်ကောင်သို့ လွှတ်တော်အကြောင်း လေးရက်ကြာ သွားရောက် လေ့လာခဲ့သည်။

"လွှတ်တော်က သူ့ရဲ့ လမ်းကြောင်းအတိုင်း နိုင်ငံတည်ဆောက်မယ့် ဥပဒေတွေ ပြဋ္ဌာန်းနိုင်မှ စစ်မှန်တဲ့ ဒီမိုကရေစီ နိုင်ငံလမ်းကြောင်း အပေါ် ရောက်နိုင်မယ်ဆိုတဲ့အချက်ကို အဓိကချပြခဲ့တယ်" ဟု ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲ့က ပြောသည်။

မြန်မာနိုင်ငံမှ ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌများသည် ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ဟောင်ကောင်၌ လွှတ်တော် အကြောင်း သွားရောက် လေ့လာခဲ့ခြင်း ဖြစ်သည်။

*(Chin World Facebook Page မှ ကောက်နုတ် တင်ပြသည်)*

# သတင်းဓာတ်ပုံ



ဓာတ်ပုံ - Mizzima Burmese Facebook Page

ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ ကျင်းပနေစဉ်



ဓာတ်ပုံ - Doca Taunggyi Facebook Page

၂၇.၆.၂၀၁၆ရက်နေ့တွင် ရှမ်းပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်း ရေး အဖွဲ့ ဥက္ကဋ္ဌ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုကော်မတီ အဖွဲ့ဝင်များဖြင့် တောင်ကြီးမြို့မဈေးရှိ စားသောက်ကုန်များအား ကြည့်ရှုစစ်ဆေး ပညာပေးဆွေးနွေးစဉ်



ဓာတ်ပုံ - ကရင်ပြည်နယ်လွှတ်တော်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကရင်ပြည်နယ်ရှိ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲ ကျင်းပနေစဉ်



ဓာတ်ပုံ - Magyay News Facebook Page

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူ မဲဆန္ဒနယ်အမှတ်(၂) မှ ဒေါ်ဇင်နီနီဝင်းက ခရိုင်နှင့်မြို့နယ် ပုဂ္ဂလိကပိုင် လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီများကို ဖျက်သိမ်း၍ အသစ်ပြန်လည်ဖွဲ့စည်းနိုင်ရေးတိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးစဉ်

**ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်**

**စုစည်းတင်ပြသူ**

ပညာ
အလင်းပွင့်
မြန်မာ
သုတေသန
ဖောင်ဒေးရှင်း

ဆက်သွယ်ရန်
---------
၀၉ ၂၆၀၀၀၇၅၁၉

## ကယားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်သားများ တွေ့ဆုံ



ဓာတ်ပုံ - ဦးမြာ (ကန္တာရဝတီတိုင်း(မ်))

ဇွန် ၂၂၊ ၂၀၁၆

လွှတ်တော် ကိုယ်စားလှယ်များနှင့် ဒေသခံကျေးရွာဖွံ့ဖြိုးရေး လုပ်သားများ လုပ်ငန်းပူးပေါင်း ဆောင်ရွက်နိုင်ရန် အလုပ်ရုံဆွေးနွေးပွဲကို ဒီးမော့ဆိုမြို့ စိန်ဂျိုးဇက်ဘုရားကျောင်း စိန်ပေါလ်ခန်းမရုံတွင် ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် လွှတ်တော်လုပ်ငန်းများနှင့် ဒေသခံကျေးလက်ဖွံ့ဖြိုးရေး ပူးပေါင်းလုပ်ကိုင်နိုင်ရန်နှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် လူငယ်များအနေနှင့် တစ်ဘက်တစ်လမ်း ပံ့ပိုးပါဝင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဦးဆောင်ကျင်းပသည့် local development network အဖွဲ့မှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်၏ လက်ရှိအခြေအနေအရ အစိုးရသစ်အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ချက်ချင်း မလွယ်ကူနိုင်သေးကြောင်းကို ပြည်နယ်လွှတ်တော် ဒုဥက္ကဋ္ဌ ဦးတင်မြင့်က "အခက်အခဲတွေ အများကြီး ကျော်ဖြတ်နေရတယ်။ နှစ်ပေါင်း ၅၀ ကျော် စစ်အုပ်ချုပ်ရေးကနေ ကျော်ဖြတ်ရလို့ပါပဲ" ဟု ပြောသွားသည်။

ယနေ့ တွေ့ဆုံဆွေးနွေးပွဲတွင် ကယားပြည်နယ် ကျေးလက်ဖွံ့ဖြိုးရေးလုပ်သား လူငယ် အယောက် ၃၀ ကျော်နှင့် လွှတ်တော်သုံးရပ်မှ ကိုယ်စားလှယ် အသီးသီးတို့က တက်ရောက်ဆွေးနွေးသွားကြသည်။

*(ကန္တာရဝတီတိုင်း(မ်) Facebook Page မှ ကောက်နုတ်တင်ပြသည်)*

EMReF
Enlightened Myanmar Research Foundation

## သတင်းတို

➤ မွန်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်တွင် ဂရန်အင်းများနှင့် တင်ဒါချက်များတည်ရှိသည့် သက်ဆိုင်ရာ မြို့နယ် အသီးသီးတွင် အင်းလေလံပြုလုပ်ပေးရန် အစီအစဉ်ရှိမရှိ သိလိုသော မေးခွန်းကို ဘီးလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာခင်နိုင်ဦး ကိုယ်စား ပေါင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဇော်ထူးက မေးမြန်းခဲ့သည်။

*(Than Lwin Times_facebook page မှ ကောက်နုတ်ဖော်ပြသည်။)*

➤ ဧရာဝတီတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ခုနှစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီစွာ ရရှိနိုင်ရေးနှင့် ဒေသခံများ၏ ရေရှည်အကျိုးရှိသော အဆောက်အအုံများ ဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ကို တိုက်တွန်းကြောင်း အဆိုကို ဇွန်လ ၃၀ ရက်နေ့ လွှတ်တော်အစည်းဝေးတွင် အတည်ပြုလိုက်သည်။

*(The Voice မှ ထုတ်နုတ်တင်ပြသည်။)*


➤ မန္တလေးတိုင်းဒေသကြီး လွှတ်တော်တွင် အစိုးရအကူးအပြောင်းကာလအတွင်း အများပြည်သူနှင့် သက်ဆိုင်သည့် ဧရိယာကျယ်ဝန်းသော မြေကွက်များ၊ ပလပ်မြေများအား လုပ်ကိုင်အမည်များဖြင့် မြေနေရာချထား ပေးမှုများအား ပြန်လည်စိစစ်၍ အများပြည်သူအကျိုးအတွက် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေး တိုက်တွန်းကြောင်း အဆိုကို ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်အောင်မိုးက ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၆) တွင် အဆိုတင်သွင်းခဲ့သည်။ ထိုအဆိုကို ဇူလိုင်လ (၁)ရက်နေ့တွင်ဆွေးနွေးသွားမည် ဖြစ်သည်။

*Source : Elven Media Group , U Myint Aung Moe - ဦးမြင့်အောင်မိုး facebook page*

## ဒုတိယအကြိမ် ပြည်နယ်/တိုင်းဒေသကြီးလွှတ်တော်များ၏ ဖွဲ့စည်းတည်ဆောက်ပုံ (တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး)

### တနင်္သာရီတိုင်းဒေသကြီး


| | |
|---|---|
| လွှတ်တော်ကိုယ်စားလှယ်နေရာစုစုပေါင်း | ၂၈ဦး |
| ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ | ၂၁ဦး |
| တပ်မတော်သားကိုယ်စားလှယ် | ၇ဦး |




| | |
|---|---|
| နိုင်ငံရေးပါတီအုပ်စုများ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၂၁) ဦး |
| | တပ်မတော် (၇) ဦး |
| မှတ်ချက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး (၁) ဦး |
| လွှတ်တော်တည်နေရာ | တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ |

### မကွေးတိုင်းဒေသကြီး


| | |
|---|---|
| လွှတ်တော်ကိုယ်စားလှယ်နေရာစုစုပေါင်း | ၆၈ဦး |
| ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ | ၅၁ဦး |
| တပ်မတော်သားကိုယ်စားလှယ် | ၁၇ဦး |




| | |
|---|---|
| နိုင်ငံရေးပါတီအုပ်စုများ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၅၁) ဦး |
| | တပ်မတော် (၁၇) ဦး |
| မှတ်ချက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး (၁) ဦး |
| လွှတ်တော်တည်နေရာ | မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ |

### ရန်ကုန်တိုင်းဒေသကြီး


| | |
|---|---|
| လွှတ်တော်ကိုယ်စားလှယ်နေရာစုစုပေါင်း | ၁၂၃ဦး |
| ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ | ၉၂ဦး |
| တပ်မတော်သားကိုယ်စားလှယ် | ၃၁ဦး |




| | |
|---|---|
| နိုင်ငံရေးပါတီအုပ်စုများ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၈၈) ဦး |
| | တပ်မတော် (၃၁) ဦး |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (၃) ဦး |
| | ရခိုင်အမျိုးသားပါတီ (၁) ဦး |
| မှတ်ချက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး (၁) ဦး နှင့် ရခိုင်အမျိုးသားပါတီမှ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး (၁)ဦး |
| လွှတ်တော်တည်နေရာ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ |

### မန္တလေးတိုင်းဒေသကြီး

| | |
|---|---|
| လွှတ်တော်ကိုယ်စားလှယ်နေရာစုစုပေါင်း | ၇၆ဦး |
| ရွေးကောက်ခံကိုယ်စားလှယ်ဦးရေ | ၅၇ဦး |
| တပ်မတော်သားကိုယ်စားလှယ် | ၁၉ဦး |




| | |
|---|---|
| နိုင်ငံရေးပါတီအုပ်စုများ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၄၈) ဦး |
| | တပ်မတော် (၁၉) ဦး |
| | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (၈) ဦး |
| | ဒီမိုကရက်တစ်ပါတီ (၁) ဦး |
| မှတ်ချက် | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး (၁) ဦး |
| လွှတ်တော်တည်နေရာ | မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ |

*မှတ်ချက်။ ။၂၀၁၆ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့က စာရင်းဖြစ်ပါသည်။ ကိုယ်စားလှယ်ဦးရေ အပြောင်းအလဲ အနည်းငယ် ရှိနိုင်သည်။*

EMReF
Enlightened Myanmar Research Foundation

သတင်းရင်းမြစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။